စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ကို အမှတ်(၂) သတ္တုတွင်း လုပ်ငန်းမှတစ်ဆင့် ရည်ညွှန်း(၁)နှင့် (၃)ပါ စာများဖြင့် တင်ပြခဲ့ခြင်းအပေါ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး ပြင်ဆင်တင်ပြရန် ရည်ညွှန်း(၂)နှင့် (၄)ပါ စာများဖြင့် ပြန်ကြားခဲ့ပါသည်။ အဆိုပါ ပြန်ကြားစာများအရ ပြင်ဆင်ဖြည့်စွက်၍ ရည်ညွှန်း(၅)ပါစာဖြင့် တင်ပြလာခြင်းဖြစ်ပါသည်။

၂။ ရည်ညွှန်း(၅)ပါစာဖြင့် ဟိန်းကောင်းဆက်ကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP)အပေါ် အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ပြန်ကြားခွင့်ပြုကြောင်း ရည်ညွှန်း(၆)ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ဟိန်းကောင်းဆက်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်း မြို့နယ်၊ တာကြွန့်ကျေးရွာအုပ်စုဒေသရှိ လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို အတည်ပြုပါကြောင်းနှင့် အောက်ဖော်ပြပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း အကြောင်းကြား ပါသည်-

(က) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းအဆိုပြုသူကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်းကိုယ်စားလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းအဆိုပြုသူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများ အားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှုအားလုံးအတွက် လည်းကောင်း စီမံကိန်းဆောင်ရွက်သူက ဥပဒေကြောင်းအရနှင့် ငွေရေးကြေးရေးအရ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရန်၊

(ခ) အစီရင်ခံစာ၏ စာမျက်နှာ(၂၃)မှ(၂၉)ထိ ဖော်ပြထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ တို့ကို လိုက်နာဆောင်ရွက်သွားရန်၊

(ဂ) အမှုန်အမွှားများထွက်ရှိမှုနှင့်ဆူညံသံနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(ဃ) စွန့်ပစ်မြေစာနှင့် စွန့်ပစ်ရေနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ သတ်မှတ်ချက်နှင့်အညီ သန့်စင် ပြီးမှ စွန့်ထုတ်ရန်၊

(င) အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးနှင့် အမှိုက်ပုံများအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ္တုတွင်း ဥပဒေ၊ ပုဒ်မ (၁၃)၊ သတ္တုတွင်းနည်း ဥပဒေများ၊ နည်းဥပဒေ(၁၄၇-ဃ)၊(၁၇၀-ဂ)၊